မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
March 9 , 2026 Volume 100 , Number 5

| ၉. ၃. .၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၈.၈၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၇.၆၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၄.၁၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၆.၉၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၅၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၉.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၃၄ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆,၄၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းပြီး သင့်တင့်သော ဈေးနှုန်းဖြင့်ဝယ်ယူစားသုံးနိုင်စေရန်နှင့်ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင်ငွေကျပ် ၆၄၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## တန်ဖိုးမြင့် သဲပန်းချီကားတွေကို နှစ်ခြိုက်စွာ ဝယ်ယူသူတွေ ရှိနေ




ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသထွက် သဲပန်းချီကားများ၊ ဈေးနှုန်း တန်ဖိုးကြီးမြင့်သော်လည်း နှစ်ခြိုက်စွာဝယ်ယူကြသူများရှိကြောင်း ဒေသခံများထံက သိရပါတယ်။

အခြေခံလူတန်းစားအတွက် သာမန်ပန်းချီကားတစ်ချပ်၏ဈေးနှုန်းထက် ဈေးပိုကြီးသည်ဆိုသော်လည်း နှစ်သက်သူများက နှစ်နှစ်ခြိုက်ခြိုက် ဝယ်ယူကြသူများရှိနေတယ်လို့ ၎င်းတို့က ဆိုပါတယ်။

“သူက အလျား ၁၀ လက်မ၊ အနံ ၂၅/၃၀(လက်မ)လောက်ရှိတဲ့ တစ်ချပ်ကို တစ်သိန်းနဲ့အထက်ဈေးရှိတယ်၊ ဒါတောင် လက်ရာပေါ်မူတည်ပြီး ဒီထက်ဈေးပိုများတာတွေလည်းရှိတယ်၊ ရိုးရိုးသာမန်ပန်းချီကားတစ်ချပ်ကျတော့၊ သုံးလေးသောင်း၊ လေးငါးသောင်း အစားစားပေါ့၊ နာမည်ကြီးပန်းချီဆရာတွေရဲ့ လက်ရာတွေကို ပြောနေတာ မဟုတ်ဘူးနော်၊ ခရီးသွားအမီပြုဈေးကွက်ကိုပဲပြောနေတာ ဆိုလိုတာက သဲပန်းချီကားတွေဈေးကြီးတယ်၊ဒါပေမဲ့နှစ်သက်လို့၊ သဘောကျလို့၊ ဝယ်တဲ့သူကသီးသန့်ရှိနေတယ်” လို့ ညောင်ဦးမြို့ဒေသခံတစ်ဦးက ပြောပါတယ်။

မြန်မာလက်မှုအနုပညာလက်ရာတစ်ခုဖြစ်သော သဲပန်းချီကားတစ်ချပ်၏ဈေးနှုန်းသည် အရွယ်အစားနှင့်လက်ရာအပေါ်မူတည်ပြီး ကျပ်တစ်သိန်းမှ သိန်းဆယ်ဂဏန်းအထိဈေးရှိကြောင်း သိရပါတယ်။

သဲပန်းချီကားများအား လူကြီးသူမများအားဂါရဝပြုလက်ဆောင်ပေးခြင်း ညှိခန်း၊ ဘုရားခန်း၊ အိပ်ခန်း၊ ထမင်း စားခန်း၊ ကော်ဖီဆိုင်၊ စားသောက်ဆိုင်၊ ဟိုတယ်၊ ဘုန်းကြီးကျောင်းနှင့်ဘုရားကျောင်းများတွင် အမြင်လှပတင့် တယ်စေရန်ချိတ်ဆွဲခြင်း တို့အတွက် ငွေကြေးတတ်နိုင်သူများက ဝယ်ယူကြကြောင်း သိရပါတယ်။

သဲပန်းချီကားသည် ပိတ်စပေါ် သဲကပ်၊ ခဲကောက်ကြောင်းရေးဆွဲပြီး၊ ဆေးရောင်စုံအနုစိတ်လက်ရာဖြင့် ဖန်တီးသည့် မြန်မာ့လက်မှုအနုပညာစစ်စစ်ဖြစ်ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ကြက်သွန်နီ ဈေးကွက်သုံးသပ်ချက်




ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင်ကြက်သွန်နီဈေးနှုန်းမှာ ၂ ဆခန့်အထိ မြင့်တက်သွားသည်။ ပြည်တွင်းစားဖိုဆောင်သီးနှံဖြစ်သည့် ကြက်သွန်နီကို ဝယ်လိုအား တိုးတက်လာခြင်းကြောင့် ဖြစ်သည်။

နေ့စဉ် ပိဿာချိန် နှစ်သိန်းကျော် ဝင်ရောက်မှုရှိသော်လည်း ဝယ်လိုအား ကပိုမိုများပြားနေသဖြင့်ကုန်သည်များကဈေးဆွဲတင်ထားခြင်း ဖြစ်နိုင်သည် ဟု သုံးသပ်မှုများ ရှိသည်။

မြန်မာ့ကြက်သွန်နီကို ထိုင်းနှင့် မလေးရှားအပါအဝင် အာဆီယံနိုင်ငံများသို့လည်း တင်ပို့နေသည်။ ပြည်ပတင်ပို့သည့် FOB ဈေးနှုန်းမှာမူ ယခုရက်သတ္တပတ်တွင် ကျဆင်းခဲ့သည်။

ကြက်သွန်နီ (မြစ်သား) 2026 Crop ၏ ပြည်ပတင်ပို့ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၃၇၅ မှ ၄၂၀ ကြားသာ ရှိသည်။ သို့သော် ပြည်တွင်းလက်ကားဈေးမှာမူ ဆိတ်ဖြူ (ရှယ်) တစ်ပိဿာလျှင် ကျပ်

၁,၂၅၀ မှ ၁,၉၀၀ သို့လည်းကောင်း၊ မြစ်သား (ရှယ်) တစ်ပိဿာလျှင် ကျပ် ၁,၈၀၀ မှ ၃,၀၀၀ သို့လည်းကောင်း အရှိန်အဟုန်ဖြင့် မြင့်တက်သွားသည်။

Source : https://htwettoe.com/

## မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကြောင့် မြစ်ငယ်မြေဈေး တဟုန်ထိုးမြင့်တက်လာ




မြစ်ငယ်-ထုံးဘိုမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကြောင့် အနီးဝန်းကျင်ကျေးရွာများရှိမြေဈေးများ တဟုန်ထိုးမြင့် တက်သွားကြောင်း ဒေသခံများထံက သိရပါတယ်။

ယခင်က ကျပ်သိန်း၂၀၀ ခန့်ပင်မရှိသည့် ပေ၄၀ပတ်လည်ခန့် အိမ်ဝိုင်းတစ်ခုဟာလက်ရှိတွင်ကျပ်သိန်း ၄၅၀ ဝန်းကျင်အထိဈေးမြင့်တက်လာကြောင်း ၎င်းတို့က ဆိုပါတယ်။

“စီမံကိန်းနဲ့ အတော်လေးဝေးတဲ့ရွာတွေကအစ ဈေးဆွဲတင်လာကြတယ်၊ အရင်သိန်း ၁၄၀ ဈေးပေါက်ခဲ့တဲ့ဝိုင်း (မြေကွက်)က အခု ၄၅၀-၅၀၀ ကြား အရောင်းအဝယ်ဖြစ်တယ်၊ မြို့ပေါ်ဆိုရင်၊ သိန်းထောင်သောင်းဈေး ဖြစ်ကုန်ပြီ၊ အရင်က လူစိတ်ဝင်စားမှုသိပ်မရှိခဲ့တဲ့နေရာတွေ၊ စီမံကိန်းကြောင့်ဈေးထိုးတက်သွားတာ”လို့ ဒေသခံတစ်ဦး က ပြောပါတယ်။

မြေဈေးနှုန်းမြင့်တက်နေသော်လည်း စိတ်ဝင်စားသူများပြားသဖြင့် အရောင်းအဝယ်လိုက်နေကြောင်း သိရပါ တယ်။

မြစ်ငယ်-ထုံးဘို မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသည် မန္တလေးမြို့၏တောင်ဘက် အမရပူရမြို့နယ်အတွင်းတည်ရှိပြီး စက်မှုလက်မှုနှင့် လူနေအိမ်ရာကဏ္ဍနှစ်ရပ်ဖော်ဆောင်နေသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့်အမြန်လမ်းမကြီးတို့၏အကြားတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးအချက်အချာကျပြီး၊ ကုန်စည်စီးဆင်းမှုအတွက်အားသာချက်ရှိကြောင်း သိရပါတယ်။

Source : https://opinionleadersmedia.com/

## အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီး အဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောသီးအဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်၌ငှက်ပျောသီးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

အိမ်မဲမြို့နယ်မှ ဒေသထွက်ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့်ဇန်နဝါရီလတစ်လအတွင်း ငှက်ပျောသီး အဖီးရေ ၅၅၀,၀၀၀ ခန့်သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်အထိ တစ်လအတွင်း ငှက်ပျောသီးအဖီးရေ ၈၅၀,၀၀၀ ခန့်အထိတင်ပို့ ရောင်းချခဲ့ရကြောင်း၊ ထိုသို့တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများတွင် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေးနှင့် ဆင်စွယ်ငှက်ပျောများကို အများဆုံးတင်ပို့ရောင်းချ ခဲ့ရကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို အိမ်မဲမြို့နယ်ကနေထွက်ရှိတဲ့ ငှက်ပျောသီးတွေ တင်ပို့အားကောင်းနေပါတယ်။ ဒေသထွက်သီးနှံတွေကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်တင်ယာဉ်တွေနဲ့လည်းတင်ပို့နေရပါတယ်။

ငှက်ပျောသီးတွေက ပြည်တွင်းမှာကို ဝယ်လိုအားများနေတာပါ။ ဖေဖော်ဝါရီလတစ်လအတွင်း ငှက်ပျောသီးအဖီးရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငှက်ပျောသီးဈေးကလည်း အရင်ကထက်ကောင်းလာပါတယ်" ဟု ၎င်းကပြောသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ငှက်ပျောသီးများမှာ အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီး ရှိကြောင်း သိရသည်။

**Source :** https://myawady.net.mm

## တရုတ်နိုင်ငံတွင် ဝါးသည် ပလတ်စတစ်ညစ်ညမ်းမှုကို ထိန်းချုပ်ရန် ကူညီပေးလျက်ရှိ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်၊ ချီရှုးမြို့ရှိစက်ရုံတစ်ခုတွင် ဝါးတိုင်များကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စားပွဲတင်ပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းများအဖြစ် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

၎င်းတို့၏ဝါးထုတ်ကုန်များသည် ဓာတုပစ္စည်းများကင်းစင်ပြီး ဇီဝပျက်စီးမှုကို လျှော့ချပေးသည့်အတွက် ဈေးကွက်က အထူးအသိအမှတ်ပြုထား သည်ဟု ကုမ္ပဏီ၏မန်နေဂျာ Wu Qiuhui က ပြောကြားခဲ့ကြောင်း သိရသည်။

ကျယ်ပြန့်သောဝါးတောများရှိသည့် Chishui တွင် ဝါးလုပ်ငန်း ၂၀၀ ကျော်ရှိပြီး ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်လျက်ရှိကြောင်း၊ ဒေသခံဝါးလုပ်ငန်းသည် ၂၀၂၅ ခုနှစ်တွင် ထုတ်လုပ်မှု ယွမ်(၁၀)ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ၄၄ ဘီလီယံခန့်) ကျော်ရှိခဲ့ပြီး ဝါးစိုက်ပျိုးသူ(၁၆၅,၀၀၀) အတွက် ဝင်ငွေတိုးစေခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဝါးအရင်းအမြစ်အများဆုံးရှိသည့် တရုတ်နိုင်ငံသည်ပလတ်စတစ်ညစ်ညမ်းမှုကို ထိန်းချုပ်ရန် အဓိကရွေးချယ်စရာတစ်ခုအဖြစ် ဝါးပင်စိုက်ပျိုးမှုကို မြှင့်တင်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပလတ်စတစ်အစားထိုးအဖြစ် ဝါးကိုအသုံးပြုရန် အစီအစဉ်တစ်ခုကို စတင်ခဲ့ပြီး ဝါးအသုံးပြုမှုကို အရှိန်မြှင့်တင်ရန် သုံးနှစ်စီမံကိန်းတစ်ခုချမှတ်ခဲ့ကြောင်း သိရသည်။

ဝါးပင်သည် သုံးနှစ်မှ ငါးနှစ်အတွင်းကြီးရင့်လာပြီးအလွန်ကြာရှည်ခံ၍ဇီဝပျက်စီးနိုင်မှုကိုလျှော့ချပေးကာ ကာဗွန်စုပ်ယူမှုနှုန်းကလည်း အလွန်ကောင်းသည်ဟု အမျိုးသားသစ်တောနှင့် မြက်ခင်းပြင်စီမံခန့်ခွဲရေးဌာနမှ သုတေသီ Wang Ge ကပြောကြားခဲ့ကြောင်း သိရသည်။

နေ့စဉ်သုံးပစ္စည်းများမှသည် စက်မှုလုပ်ငန်းသုံးပစ္စည်းများအထိ တရုတ်နိုင်ငံသည်ဝါးအခြေခံထုတ်ကုန်ထောင်ပေါင်းများစွာကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါပစ္စည်းများအတွက် နိုင်ငံတကာဝယ်လိုအားသည် မျှော်လင့်ထားသည်ထက်ပင် ပိုမိုမြင့်မားနေသည်ဟု ဝါးစားပွဲတင်ပစ္စည်းများကို ကမ္ဘာတစ်ဝှမ်းသို့ ထုတ်လုပ်တင်ပို့နေသည့် လုပ်ငန်းရှင် Wang Jianzhong က ပြောကြားခဲ့ကြောင်း သိရသည်။

ဆန်းသစ်တီထွင်မှုသည် ဤစိမ်းလန်းစိုပြည်သောပြောင်းလဲမှုအတွက် အဓိကသော့ချက်ဖြစ်ကြောင်း၊ဥပမာအားဖြင့် Lenovo သည် ၂၀၀၈ ခုနှစ်မှစ၍၎င်း၏လက်တော့ပ်များအတွက် ဝါးအမျှင်ဖြင့်ပြုလုပ်ထားသည့်ထုပ်ပိုးမှုကိုအသုံးပြုခဲ့ကြောင်း၊ ဤပစ္စည်းသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ကမ္ဘာ့စံနှုန်းများနှင့်ကိုက်ညီကြောင်း ကုမ္ပဏီ၏ထုပ်ပိုးမှုသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဒါရိုက်တာ Bai Yan က ပြောကြားခဲ့သည်ဟု သိရသည်။

၂၀၁၆ ခုနှစ်မှစ၍ ကုမ္ပဏီသည် အလေးချိန်ပေါ့ပါး၍ ပြန်လည်ပြည့်ဖြိုးမြဲဝါးအမျှင်ထုပ်ပိုးမှုကို မိတ်ဆက်ခဲ့ပြီး ထုပ်ပိုးပစ္စည်းအသုံးပြုမှု ၄၅၃၇တန် လျှော့ချနိုင်ခဲ့သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဝါးနှင့်ပတ်သက်သည့် သုတေသနစီမံကိန်းများသည် မော်တော်ကားအတွင်းပိုင်းကဲ့သို့သော အဆင့်မြင့်နည်းပညာနယ်ပယ်များသို့ ဝါးအသုံးပြုမှုကို တိုးချဲ့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံအရှေ့ပိုင်း Jiangxi ပြည်နယ်ရှိ ကုမ္ပဏီတစ်ခုသည် ဝါးကီးဘုတ်များနှင့် စပီကာများကို အောင်မြင်စွာဖန်တီးခဲ့ပြီး ယူနစ်သန်းပေါင်းများစွာ ရောင်းချခဲ့ရကြောင်း သိရသည်။

ဝါးကဏ္ဍသည် ယခုအခါ တရုတ်နိုင်ငံတစ်ဝှန်းတွင် အလုပ်အကိုင်သန်းပေါင်းများစွာကို ပံ့ပိုးပေးသည့် သိသာထင်ရှားသော စီးပွားရေးအင်အားစုတစ်ခုဖြစ်လာကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံတွင် ဝါးတောဟက်တာ ၈ သန်းနီးပါးရှိပြီး နှစ်စဉ်ပျမ်းမျှ

ဝါးထုတ်လုပ်မှုတန်ချိန် ၁၅၀ သန်းရှိကြောင်း၊ ဝါးပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၁၀,၀၀၀ ကျော်ရှိပြီး စက်မှုလုပ်ငန်းကွင်းဆက်တစ်ခုလုံးတွင် လူပေါင်း၂၉ သန်းကျော်ကို အလုပ်ခန့်ထားပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် ဝါးလုပ်ငန်းစုမှ ထုတ်လုပ်မှုမှာ ယွမ်၅၂၀ဘီလီယံကျော်ရှိကြောင်း တရားဝင်ကိန်းဂဏန်းများ၌ ဖော်ပြထားပြီး ဝါးကို ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအတွက် ဖြေရှင်းနည်းတစ်ခုအဖြစ်သာမက ကျေးလက်ဒေသ ပြန်လည်နိုးကြားလာစေရန်မောင်းနှင်အားတစ်ခုအဖြစ်ပါ ရှုမြင်ကြပြီးနည်းပညာတိုးတက်လာခြင်းနှင့်တိုးပွားလာသောဝယ်လိုအားနှင့်အတူ တရုတ်နိုင်ငံ၏ဝါးလုပ်ငန်းသည် ပိုမိုစိမ်းလန်းသောအနာဂတ်အတွက်အသင့်ဖြစ်နေပြီဖြစ်ကြောင်းကျွမ်းကျင်သူများကထပ်လောင်းပြောကြားခဲ့သည်ဟု သိရသည်။

Source: https://english.news.cn/20260227/2b446b9d6cc048fd892b39981a09a54a/c.html

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ၁၄.၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၅၇ ဘီလီယံသို့ ရောက်ရှိခဲ့

ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ၂၄ ဒသမ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၁ ဒသမ၅၇ ဘီလီယံသို့ ရောက်ရှိခဲ့သဖြင့် ၄ နှစ်အတွင်း တိုးတက်မှုနှုန်းသည် ၁၉ လဆက်တိုက် စံချိန်တင်ခဲ့ကြောင်း ဘဏ္ဍာရေးမူဝါဒရုံးက ထုတ်ပြန်ထားချက်အရ သိရသည်။

ပို့ကုန်စွမ်းဆောင်ရည်သည် အဓိကကုန်ထုတ်လုပ်မှုအမျိုးအစားများတစ်လျှောက်နှင့် အဓိကဈေးကွက်များစွာတွင် ဆက်လက်အားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း၊ ရေနံ၊ရွှေနှင့်ကာကွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများမပါဝင်ဘဲ တင်ပို့မှုမှာ ၂၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်နေဆဲဖြစ်ကြောင်း၊ အီလက်ထရွန်းနစ်၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ကားများတွင် ထင်ရှားသော တိုးတက်မှုရှိခဲ့ကြောင်း၊ လတ်ဆတ်ပြီးပြုပြင်ထားသော သစ်သီးများ၊ ပုစွန်နှင့် အိမ်မွေးတိရစ္ဆာန်အစားအစာများ တင်ပို့မှုလည်း ဆက်လက်တိုးတက်လာကြောင်း၊ ဈေးကွက်အရ ဩစတြေးလျ၊ အမေရိကန်၊ တရုတ်နှင့် အာဆီယံနိုင်ငံများသို့ တင်ပို့မှုအားကောင်းခဲ့ပြီး အင်ဒိုချိုင်းနားနှင့် အာဖရိကသို့ တင်ပို့မှုမှာ ကျုံ့သွားခဲ့ကြောင်း၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းသည် စိတ်ဓာတ်ကိုမြှင့်တင်ပေးပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်ပြမှုများကို တိုးတက်စေကြောင်း၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကို ဆက်စပ်အချက်အဖြစ်ထောက်ပြခဲ့ပြီးငင်းသည်စီးပွားရေးတွင်ငွေကြေးလည်ပတ်မှုကိုတိုးမြင့်စေသဖြင့်စားသုံးသူယုံကြည်မှု အညွှန်းကိန်းကို ၅၂ ဒသမ၈ အထိတွန်းအားပေးခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ် Winij Wisets–uwanphum က ပြောကြားခဲ့သည်။

ခရီးသည်တင်မော်တော်ယာဉ်သစ်များမှတ်ပုံတင်မှုသည် တစ်နှစ်ထက်တစ်နှစ် ၅၂ ဒသမ၂ ရာခိုင်နှုန်း သိသိသာသာမြင့်တက်လာကြောင်း၊ မော်တော်ဆိုင်ကယ်မှတ်ပုံတင်မှုမှာ ၃ ဒသမ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး လယ်ယာထွက်ဝင်ငွေ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုသည် အစောပိုင်းအပြုသဘောဆောင်သည့် လက္ခဏာများပြသခဲ့ပြီး အရင်းအနှီးကုန်စည်တင်သွင်းမှု ၂၄ ဒသမ၅ ရာခိုင်နှုန်းမြင့်တက်လာမှုတွင် ထုတ်လုပ်သူများအနေဖြင့် ပိုမိုမြင့်မားသော ထုတ်လုပ်မှုအတွက် ပြင်ဆင်နေကြောင်း၊ ပို့ကုန်များမှ လှပသောပုံရိပ်များရှိနေသော်လည်း အဓိကအန္တရာယ်များအနေဖြင့် ပြည်ပခရီးသွားဝင်ရောက်မှု ၁၁ ဒသမ ၆ ရာခိုင် နှုန်းမှ ၃ ဒသမ၂၈ သန်းသို့ကျဆင်းသွားခဲ့ပြီး အမှန်တကယ်လယ်ယာထွက်ဝင်ငွေမှာ ဖိအားအောက်တွင်ရှိနေခဲ့ကြောင်း၊ အီရန်–အမေရိကန်တင်းမာမှုများနှင့် ထိုင်းနိုင်ငံ၏ ကုန်သွယ်မှုအလားအလာအပေါ် ချိန်ဆနိုင်သည့် အမေရိကန်လက်တုံ့ပြန်အခွန်အကောက်များအပါအဝင်ပြည်ပမှမသေချာမရေရာမှုများရှိကြောင်းMr. Winijကသတိပေးထားသည်။

စီးပွားရေးတည်ငြိမ်မှုသည် ကောင်းမွန်သောပမာဏတွင်ရှိနေဆဲဖြစ်ပြီး ငွေကြေးဖောင်းပွမှု သုည ဒသမ၆၆ ရာခိုင်နှုန်း၊ ပြည့်သူကြွေးမြီမှာ GDP ၏ ၆၆ ဒသမ ၁ ရာခိုင်နှုန်းနှင့်နိုင်ငံတကာအရန်ငွေ အမေရိကန်ဒေါ်လာ ၂၈၉ ဒသမ၆ ဘီလီယံရှိ

ကြောင်း၊ နိုင်ငံခြားရင်းနှီးမြုပ်နှံသူများသည် ထိုင်းအစုရှယ်ယာများကို အသားတင်ဝယ်ယူသူများဖြစ်ရာ ယခုနှစ်အစမှစ၍ ဖေဖော်ဝါရီ ၂၄ ရက်အထိ ဘတ်ငွေ ၅၈,၈၄၀.၂၂ သန်းထိရှိနေရာ ယုံကြည်မှုတိုးတက်လာကြောင်းကို အချက်ပြနေကြောင်း၊ ရှေ့လများအတွင်း ဘတ်ငွေကို အနီးကပ်စောင့်ကြည့်ရန်၊ ဘဏ္ဍာရေးဈေးကွက်မတည်ငြိမ်မှုနှင့် ပထဝီဝင်နိုင်ငံရေးကိုမြင့်တင်ရန် Mr. Winij က တိုက်တွန်းထားသည်။

**Source:** https://www.nationthailand.com/business/trade/40062995

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (9.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,051 (Shares) | 71,282,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 11,000 | 11,000 | 10,000 | 2,190 | 21,978,000 | 33,109,694 | 347,652 |
| MTSH | 00002 | 6,000 | +300 | +5.26% | 5,800 | 6,000 | 5,800 | 2,422 | 14,082,500 | 38,929,150 | 233,575 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 203 | 1,725,500 | 10,400,986 | 88,408 |
| FPB | 00004 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,400 | 5,796 | 19,988,650 | 29,664,613 | 102,343 |
| TMH | 00005 | 3,150 | +100 | +3.28% | 3,050 | 3,150 | 3,050 | 605 | 1,846,750 | 12,823,224 | 40,393 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 4,802 | 7,929,850 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 355 | 1,420,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,450 | +100 | +2.99% | 3,350 | 3,450 | 3,350 | 678 | 2,311,400 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 9th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 513.97 | +16.38 | +3.29% | 517.21 | 517.21 | 499.31 | 17,051 | 71,282,650 | 8 | 969,450 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 9th Mar. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,051 (Shares) | 71,282,650 (MMK) |

| MYANPIX | 513.97 ▲ 16.38 |
|---|---|
| Total Volume (shares) | 17,051 |
| Total Value (MMK) | 71 mil |
| Listed Company | 8 |
| Market Cap. (MMK) | 969,450 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 500 |
| MTSH | 00002 | 6,000 | ▲ 300 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 3,450 | ▲ 0 |
| TMH | 00005 | 3,150 | ▲ 100 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 100 |

TIR